## Contents


| Sr. No | Subject | Page |
|---|---|---|
| 1. | Do | 4 |
| 2. | Agree - | 10 |
| 3. | Ask | 13 |
| 4. | Answer | 15 |
| 5. | Be | 18 |
| 6. | Begin | 23 |
| 7. | Break | 25 |
| 8. | Bring | 27 |
| 9. | Catch | 29 |
| 10. | Change | 32 |
| 11. | Come | 34 |
| 12. | Cover | 38 |
| 13. | Cut | 41 |
| 14. | Draw | 44 |
| 15. | Drive | 47 |
| 16. | Drop | 50 |
| 17. | Fall | 53 |
| 18. | Find | 56 |
| 19. | Fit and Fix | 59 |
| 20. | Fly and Follow | 62 |
| 21. | Get | 65 |
| 22. | Give | 68 |
| 23. | Go | 71 |
| 24. | Grow | 78 |
| 25. | Hang and Happen | 80 |
| 26. | Have | 83 |
| 27. | Hold | 89 |
| 28. | Keep | 92 |
| 29. | Know | 98 |
| 30. | Land | 103 |
| 31. | Let | 105 |
| 32. | Live | 108 |
| 33. | Look | 111 |
| 34. | Lose | 115 |


# LOSE

I have lost my key.
ကျွန်တော် သော့ပျောက်သွားတယ်။

She lost her husband in the crowd.
အမျိုးသမီးသည် လူအုပ်ထဲမှာ သူ့ခင်ပွန်းနှင့်လူချင်းကွဲသွားသည်။

She's just lost her husband (= He has died recently).
သူ့ယောကျ်ား မကြာမီက ဆုံးသွားတယ်။

He lost his leg in a car crash.
ယာဉ်တိုက်မှုမှာ သူ့ခြေထောက်ပြတ်သွားတာပေါ့။

He's lost his job.
သူ အလုပ်ပြုတ်သွားပြီ။

He lost both his sons in the war.
စစ်အတွင်းက သူ့သားနှစ်ယောက်လုံးဆုံးသွားတယ်။

The ship was lost at sea.
သင်္ဘောသည် ပင်လယ်တွင် ပျောက်ဆုံးသွားသည်။

She has lost interest in her work.
သူ(မ)သည် သူ့အလုပ်မှာ စိတ်မဝင်စားတော့ပါ။

Many people lost their lives during the war.
စစ်အတွင်းက လူအတော်များများ အသက်ဆုံးရှုံးကြရသည်။



The team lost by three goals to two.
အသင်းဟာ သုံးဂိုး နှစ်ဂိုးနဲ့ ရှုံးသွားတယ်။

Yangon Region lost to Ayeyawady Region in the boat race.
လှေပြိုင်ပွဲမှာ ရန်ကုန်တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ရှုံးသွားတယ်။

He's lost ten pounds in weight.
သူ ကိုယ်အလေးချိန် ဆယ်ပေါင်ကျသွားတယ်။

I warn you, I'm rapidly losing my patience.
ငါမင်းကို သတိပေးမယ်၊ ငါ စိတ်မရှည်ချင်တော့ဘူး။

The train was losing speed.
ရထားသည် အရှိန်လျော့လာသည်။

His words were lost in the applause.
ပရိသတ့်သြဘာသံကြားတွင် သူ၏စကားသံမြုပ်သွားသည်။

Sit down or you'll lose your seat.
ထိုင်လိုက်ပါ၊ မဟုတ်ရင် နေရာလက်လွတ်သွားမယ်။

He lost no time in informing the police of the crime.
အမှုဖြစ်ပွားကြောင်း အချိန်မဆိုင်းဘဲ ရဲသို့အကြောင်းကြားလိုက်သည်။

Hurry–there's no time to lose.
မြန်မြန်လုပ်၊ အချိန်မရှိဘူး။

A good watch neither gains nor loses.
နာရီကောင်းတို့မည်သည် မြန်လည်းမမြန်၊ နှေးလည်း မနှေးပါ။

My watch loses two minutes a week.
ကျွန်တော့်လက်ပတ်နာရီက တစ်ပတ်ကို နှစ်မိနစ် နောက်ကျတယ်။

The business is losing money.
လုပ်ငန်းက ဝင်ငွေလျော့လာနေတယ်။

She was lost in thought.
သူသည် အတွေးတွင် နစ်မြုပ်နေသည်။



**lose နှင့်ပတ်သက်သည့် idiom နှင့် အခြားအသုံးအနှုန်းများ**

I've lost contact with most of my old friends.
ကျွန်တော့်ရဲ့မိတ်ဟောင်းဆွေဟောင်း အများစုနဲ့ အဆက်အသွယ်ပြတ်နေတယ်။

Why not join us? I promise you that you won't lose by it.
တို့နဲ့လာဝိုင်းပါလား/လက်တွဲပူးပေါင်းပါလား။ ခင်ဗျားအတွက် မဆုံးရှုံးစေရဘူးလို့ ကတိပေးပါတယ်။

Customers are losing confidence in our ability to meet the delivery date.
ကျွန်တော်တို့ ပစ္စည်းအချိန်မီဖြန့်ချိပေးနိုင်ရေးကိစ္စကို ဖောက်သည်တွေ အယုံအကြည်နည်းလာကြတယ်။

The fugitive was lost sight of in the crowd.
ဝရမ်းပြေးသည် လူအုပ်အတွင်း ပျောက်သွားသည်။

The mother lost her temper and yelled at the noisy children.
မိခင်သည် စိတ်မထိန်းနိုင်တော့ဘဲ ဆူညံနေသည့်ကလေးများကို ဟောက်ပစ်လိုက်သည်။

We mustn't lose sight of our original aim.
ကျွန်တော်တို့ဟာ မူလရည်မှန်းချက်ကို မျက်ခြေပြတ်လို့မရဘူး။

Do not break a promise or else you'll lose face.
ပေးထားတဲ့ကတိကို မဖျက်နဲ့၊ မဟုတ်ရင် မျက်နှာပျက်ရလိမ့်မယ်။

We lost our way in the dark.
အမှောင်ထဲတွင် ကျွန်ုပ်တို့လမ်းပျောက်သွားကြသည်။